# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၃၆)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက်**

**(၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်)**

**(ဗုဒ္ဓဟူးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၆)ရက်မြောက်နေ့ကို နံနက် ၁၀း၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၁၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၆)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**မူကြမ်း**

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၆)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦးရှိတဲ့အနက် ၃၅၄ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၄.၂၉ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက် ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက် ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ် မြောက်ပုံမှန်အစည်းအဝေး (၃၆)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားသူများရဲ့စာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြပါ့မယ်။ ယနေ့ခွင့်ပန်ကြား သူများမှာ-

(၁) လယ်ဝေးမဲဆန္ဒနယ်မှ ဦးဌေးဝင်း ခွင့် ၁ ရက်၊

(၂) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး ခွင့် ၃၀ ရက်၊

(၃) ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေ ခွင့် ၃ ရက်၊

(၄) ရေကြည်မဲဆန္ဒနယ်မှ ဦးမောင်မောင်တင် ခွင့် ၁ ရက်၊

(၅) မိုင်းရှူးမဲဆန္ဒနယ်မှ ဦးကျော်တင်ရွှေ ခွင့် ၂ ရက်၊

**မူကြမ်း**

(၆) ဇလွန်မဲဆန္ဒနယ်မှ ဦးတင်ထွတ် ခွင့် ၁၀ ရက်၊

(၇) သပိတ်ကျင်းမဲဆန္ဒနယ်မှ ဦးခင်မောင်ညွန့် ခွင့် ၁ ရက်၊

(၈) သဲကုန်းမဲဆန္ဒနယ်မှ ဦးစိုးအောင် ခွင့် ၂ ရက်၊

(၉) ဗန်းမောက်မဲဆန္ဒနယ်မှ ဦးကျော်သန်း ခွင့် ၃ ရက်၊

(၁၀) ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးဝင်းသိန်း ခွင့် ၃ ရက်၊

(၁၁) မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးသိန်းဇော် ခွင့် ၁ ရက်၊

(၁၂) ခနဲဖြူမဲဆန္ဒနယ်မှ ဦးကြည်တင့် ခွင့် ၁၀ ရက်၊

(၁၃) ကွတ်ခိုင်မဲဆန္ဒနယ်မှ ဦးတီခွန်မြတ် ခွင့် ၈ ရက်၊

(၁၄) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်တောက်ထွန်း ခွင့် ၁ ရက်၊

(၁၅) မန်တုံမဲဆန္ဒနယ်မှ ဦးအိုက်မုန်း ခွင့် ၈ ရက်၊

(၁၆) သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း(ခ)ဦးမင်းထွန်း ခွင့် ၁ ရက်၊

(၁၇) မြိတ်မဲဆန္ဒနယ်မှ ဦးဌေးမြင့် ခွင့် ၃ ရက်၊

(၁၈) ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်း ခွင့် ၈ ရက်၊

(၁၉) ပုဗ္ဗန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင် ခွင့် ၁ ရက်၊

(၂၀) စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်း ခွင့် ၁ ရက်၊

(၂၁) ကျောက်မဲမဲဆန္ဒနယ်မှ ဦးနယ်လ်ဆင်(ခ)ဦးဆောင်ဆီ ခွင့် ၃ ရက်နှင့်

(၂၂) ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဒေါ်စန္ဒာမင်း ခွင့် ၁ ရက်တို့ဖြစ်ပါတယ်ခင်ဗျား။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၄၄ ဦး၊ ယနေ့ခွင့်ပြုထားသူ ၂၂ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၆၆ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို

လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

ဥက္ကဋ္ဌ။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ ပြင်ဆင်သတ်မှတ်ခြင်းနှင့် သက်တမ်းသတ်မှတ်ခြင်းတို့အား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်းနှင့် အတည်ပြုချက်ရယူခြင်း**

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော် ကိုယ်စားလှယ်များက ဥပဒေပြုခြင်းတာဝန်ကို ကြိုးစားဆောင်ရွက်ခဲ့ကြတဲ့အတွက် ယနေ့အချိန်အထိ ဥပဒေပေါင်း ၁၄၉ ခုကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပြီးဖြစ်ပါတယ်။ ယခုကဲ့သို့ဆောင်ရွက်နိုင်ခြင်းသည် လွှတ်တော်တွင်ဖွဲ့စည်းထားသော ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များ၏ အတွေ့အကြုံ၊ အရည်အချင်းနှင့်ကြိုးစားအားထုတ်မှုများ ပါဝင်ဆောင်ရွက် ပေးမှုကြောင့်လည်းဖြစ်ပါတယ်။ ယခုအခါ ကိုယ်စားလှယ်များရဲ့ ချီးမြှင့်ငွေနှင့်စရိတ်တိုးမြှင့်ခြင်း၊ ဝန်ထမ်းများ၏လစာစရိတ်များ တိုးမြှင့်ခြင်းများပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ထို့အတူ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များရဲ့ ရပိုင်ခွင့်နှင့်အခွင့်အရေးများ ပြင်ဆင်သတ်မှတ်သည့် အမိန့်ကြော်ငြာစာ ထုတ်ပြန်ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ယင်းအမိန့် ကြော်ငြာစာတွင် ပြည်သူ့လွှတ်တော်၏ ၉-၁၁-၂၀၁၂ ရက်စွဲပါစာအမှတ်(၄၅/၂၀၁၂) အပိုဒ် ၉ ပါ ကော်မရှင်အဖွဲ့ဝင်များ၏ ရပိုင်ခွင့်၊ အခွင့်အရေးကို ဆောင်ရွက်နိုင်ခွင့်ရှိတဲ့အတွက် အောက်ပါအတိုင်း ပြင်ဆင်သတ်မှတ် ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ ဤကိစ္စအား အမျိုးသားလွှတ်တော်နဲ့လည်း ညှိနှိုင်းပြီးဖြစ်ပါတယ်။

ကော်မရှင်အဖွဲ့ဝင်များသည် လစဉ်ချီးမြှင့်ငွေကျပ် ၆၀၀၀၀၀ ကျပ်၊ တာဝန်အရခရီးသွားလာ ခြင်းအတွက် အခမဲ့တည်းခိုနေထိုင်ရန် စီစဉ်ပေးနိုင်ခြင်းမရှိပါက တစ်ရက်လျှင် တည်းခိုနေထိုင်စရိတ် ၅၀၀၀ ကျပ်၊ အခြားအသုံးစရိတ်ကျပ် ၅၀၀၀ ကျပ်၊ တာဝန်အရခရီးသွားလာခြင်းအတွက် စားသောက် စရိတ်ကို တစ်ရက်လျှင် ကျပ် ၁၀၀၀၀ ကျပ် ခံစားခွင့်ရှိသည်။ ထို့အပြင် လွှတ်တော်ကသတ်မှတ်သည့်

ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်ဟု ပြင်ဆင်သတ်မှတ်မှာဖြစ်ပါတယ်။ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၏ သက်တမ်းကိုလည်း ယနေ့ကစပြီး ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့အထိ သတ်မှတ်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒါ့ကြောင့် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၏ ရပိုင်ခွင့်နှင့်၊ အခွင့်အရေးများ ပြင်ဆင်ခြင်း၊ ကော်မရှင်သက်တမ်းသတ်မှတ်ခြင်းတို့နှင့်စပ်လျဉ်းပြီး လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ကော်မရှင်အဖွဲ့ဝင်များ၏ ရပိုင်ခွင့်၊ အခွင့်အရေးများပြင်ဆင်ခြင်း၊ ကော်မရှင်သက်တမ်း သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

ဥက္ကဋ္ဌ။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၏ ရပိုင်ခွင့်နှင့်၊ အခွင့်အရေးများပြင်ဆင်ခြင်း၊ ကော်မရှင်သက်တမ်းသတ်မှတ်ခြင်းတို့နှင့်စပ်လျဉ်းပြီး လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**လဲချားမြို့နယ်အတွင်း လမ်းတံတားများကို ချဲ့ကားပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

ဥက္ကဋ္ဌ။ ။ ဦးစွာ လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းမောင်တင်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းမောင်တင်(လဲချားမဲဆန္ဒနယ်)။** ။ လေးစားရပါတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးအပါအဝင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးခင်ဗျား။ လဲချားမြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းကို မြို့နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းဌာနကနေပြီးတော့ လုပ်ကိုင်ဆောင်ရွက်ပါတယ်။ လဲချားမြို့နယ်နှင့် အခြားမြို့နယ်ချင်းဆက်လမ်းများကိုတော့

နေပြည်တော်လမ်းအထူး(၅) စီမံကိန်းနဲ့ လုပ်ကိုင်ဆောင်ရွက်နေကြောင်း သိရပါတယ်။ ပြီးခဲ့တဲ့ကာလများမှာ တစ်ရာသီသာသာကောင်းတဲ့လမ်းများဖြစ်ခဲ့ပါတယ်။ ရွှေ့ပြောင်းပြီးနောက်ပျက်နေရပါတယ်။ အဲဒါကြောင့် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လဲချားမြို့ကို ဖြတ်သန်းသွားသော ပြည်ထောင်စုလမ်းမကြီးများဖြစ်တဲ့ လွိုင်လင်-ပန်ကေတု-သီပေါလမ်း၊ လွိုင်လင်-မိုင်းနောင်-မိုင်းရှူးလမ်းတို့ကို အသုံးပြုပြီးတော့ နေ့ညမရွေးသွားလာနေကြရာမှာ လမ်းအခြေအနေမကောင်းမှုကြောင့်၊ လမ်းအခက်အခဲရှိမှုကြောင့် အဆိုပါလမ်းများဟာ သွားရေးလာရေးအလွန်ခက်ခဲလှပါတယ်။ လမ်းများဟာလည်း ကျဉ်းမြောင်းပါတယ်။ အဲဒါကြောင့် လဲချားမြို့နယ်အတွင်းမှာရှိတဲ့ တံတားကျဉ်းများ၊ လမ်းကျဉ်းများ မကြာခဏ ယာဉ်တိုက်မှုများဖြစ်ပွားလေ့ရှိပါတယ်။ သို့ဖြစ်ပါ၍ လဲချားမြို့နယ်အတွင်း တံတား၊ လမ်းများနှင့် မြို့နယ်တွင်း လမ်း၊ တံတားများချဲ့ကားပြုပြင်ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ။ ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးစိုးတင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်၊ လဲချားမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးစိုင်းမောင်တင်မှ လဲချားမြို့နယ်အတွင်း လမ်း၊ တံတားများနှင့်ပတ်သက်ပြီး မေးမြန်းထားတဲ့မေးခွန်းသုံးခုကို ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်း(၁)နှင့်(၂)ဖြစ်တဲ့ လဲချားမြို့ကို ဖြတ်သန်းသွားတဲ့ ပြည်ထောင်စုလမ်းမကြီးဖြစ်တဲ့ လွိုင်လင်-ပန်ကေတု-သီပေါလမ်း၊ လွိုင်လင်-မိုင်းနောင်-မိုင်းရှူးလမ်းတို့ကို အသုံးပြု၍ နေ့/ညမရွေးသွားလာနေရတဲ့အတွက် အဆိုပါလမ်းပိုင်းများအား တိုးချဲ့ပြုပြင်ပေးရန် ဆောင်ရွက်နိုင်ခြင်းရှိ/မရှိနှင့် ပတ်သက်ပြီးတော့ တင်ပြရာမှာ ပိုမိုရှင်းလင်းစေရန်အတွက် Power Point ဖြင့် တင်ပြခွင့်ပြုပါရန် တင်ပြပါတယ်ခင်ဗျား။ ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင်မှာ ဒါဟာ

လှိုင်လင်ခရိုင်ဖြစ်ပါတယ်။ ဒီလှိုင်လင်ခရိုင်မှာရှိတဲ့ လဲချားမြို့ဟာ လှိုင်လင်-လဲချား-ပန်ကေတု-သီပေါလမ်း ဖြတ်သွားတဲ့မြို့ဖြစ်ပါတယ်။ အဲဒီမှာတော့ လှိုင်လင်မြို့နယ်အနေနဲ့က ဒီမိုင်တိုင် (၂၀) ကနေပြီးတော့ (၄၈) အထိ ၂၈ မိုင်ပါဝင်တာဖြစ်ပါတယ်။ ထို့အတူပဲ လှိုင်လင်-လဲချား-မိုင်းနောင်-မိုင်းရှူးလမ်းအပိုင်းမှာလည်းပဲ တင်ပြထားတဲ့အတိုင်း လဲချားက မိုင်တိုင်(၀၀)ဖြစ်ပါတယ်။ ဒီ ၂၈ မိုင်အထိ ဒါဟာ လဲချားမြို့နယ်အပိုင်းဖြစ်ပါတယ်။ ဒီလို လမ်းမကြီးနှစ်ခုမှာ ၂၈ မိုင်စီပါဝင်တဲ့မြို့နယ်ဖြစ်ပါတယ်။ ဒီမြို့နယ်နဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ ပြန်လည်ပြီးတော့သုံးသပ်တဲ့အခါမှာ ပထမလမ်းဖြစ်တဲ့ လှိုင်လင်-လဲချား-ပန်ကေတု-သီပေါလမ်းဟာ လဲချားမြို့နယ်အတွင်းမှာပါဝင်ပြီးတော့ မိုင်တိုင် ကျွန်တော်တင်ပြခဲ့တဲ့အတိုင်း (၂၀)ကနေ (၄၈)အထိ ဖြစ်ပါတယ်။ လမ်းအကျယ်က ၁၂ ပေအကျယ် ကတ္တရာလမ်းအမျိုးအစားဖြစ်ပါတယ်။ ဒီလမ်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ပြည်ထောင်စုအထူးပြင်ဆင်ထိန်းသိမ်းရေး ရန်ပုံငွေကျပ် ၂၀၅ သန်းနှင့် ကတ္တရာလမ်းပေါက်များဖာထေးခြင်း ၇ မိုင် ၄ ဖာလုံ ဆောင်ရွက်ခဲ့ပြီးတော့ တံတားများအနေနဲ့ကတော့ ၃ ပေ ရေပြွန်ခြောက်စင်းနဲ့ ၅ ပေမှ ၄၀ ပေအရှည်ရှိတဲ့ တံတားငါးစင်း စုစုပေါင်းတံတားရေပြွန် ၁၁ စင်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေကျပ် ၂၉၃ သန်းနဲ့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လဲချား-မိုင်းနောင်-မိုင်းရှူးလမ်းဟာ လဲချားမြို့နယ်အပိုင်းမှာ မိုင်တိုင်(၀၀)ကနေ (၂၈) ဒီအပိုင်းဖြစ်ပါတယ်။ ဒီ ၂၈ အထိ အပိုင်းဖြစ်ပါတယ်။ ဒီအပိုင်းမှာပါဝင်ပြီးတော့ ဒီလမ်းရဲ့အခြေအနေက ကတ္တရာလမ်းက ၂ မိုင်၊ အမာခံလမ်းက ၂၆ မိုင်ဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ရန်ပုံငွေကျပ် ၈၂၆ သန်းနဲ့ ၁၈ ပေအကျယ် ကတ္တရာလမ်းချဲ့ခြင်း ၂ မိုင်၊ ကတ္တရာလမ်းသစ် ၄ မိုင်၊ ၅ ပေအရှည်နဲ့ ၁၈ ပေနဲ့ ၂၆ ပေအကျယ်ရှိတဲ့ ကျောက်စီကမ်းကပ်ခုံ၊ သံကူကွန်ကရစ်ရေပြွန် ခြောက်စင်းဆောင်ရွက်ခဲ့ရာမှာ ယခုဘဏ္ဍာရေးနှစ်မှာ ပြီးစီးမှာဖြစ်ပါတယ်ခင်ဗျား။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာတော့ ပြည်နယ်ရန်ပုံငွေ ကျပ် ၃၃၇၉ သန်းနဲ့ ၁၂ ပေအကျယ် ကတ္တရာလမ်းသစ်ခင်းခြင်း ၂၂ မိုင်နဲ့ ၇၀ ပေအရှည် သံကူကွန်ကရစ်တံတားတည်ဆောက်ခြင်း နှစ်စင်းတို့ကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဆက်လက်ပြီးတော့ မေးခွန်း(၃)ဖြစ်တဲ့ လဲချားမြို့နယ်အတွင်း တံတားကျဉ်းခြင်း၊ လမ်းကျဉ်းခြင်းတို့ကြောင့် မကြာခဏယာဉ်တိုက်မှုများ ဖြစ်ပွားလေ့ရှိသဖြင့် လမ်း၊ တံတားများ တိုးချဲ့ပြုပြင်ပေးရန် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့် ပတ်သက်ပြီးတင်ပြရရင် လဲချားမြို့တွင်းဟာ ၁၂ ပေအကျယ်

ကတ္တရာလမ်းဖြစ်ပြီးတော့ အဆိုပါလမ်းဖြတ်သန်းလျက်ရှိတဲ့ တစ်ရက်ပျမ်းမျှယာဉ်စီးရေဟာ ၅၁ စီးခန့်ရှိတဲ့အတွက် ၁၂ ပေအကျယ်ကတ္တရာလမ်းနဲ့ လုံလောက်မှုရှိသော်လည်းပဲ လွိုင်လင်-လဲချား-ပန်ကေတု- သီပေါလမ်းဟာ AH 112 ခေါ်တဲ့ Asia Highway လမ်းကြီးတစ်လမ်းဖြစ်နေတဲ့အတွက် ၁၈ ပေအကျယ် ကတ္တရာလမ်းတိုးချဲ့ဖို့အတွက် ကျွန်တော်တို့စီစဉ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီအတွက်ကြောင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ပြည်နယ်ရန်ပုံငွေ ၁၆၈၇ သန်း တောင်းခံပြီးတော့ ၁၂ ပေအကျယ်ကတ္တရာလမ်းကို ထပ်ပိုးလွှာတင်ခြင်း ၁၁ မိုင် ၄ ဖာလုံနဲ့ ၃၄ ပေအကျယ် လမ်းတာချဲ့ခြင်း ၆ မိုင်တို့ကိုဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လဲချားမြို့နယ်အတွင်းမှာ ဖြတ်သန်းသွားတဲ့ လွိုင်လင်- ပန်ကေတု- သီပေါလမ်းရယ်၊ လဲချား-မိုင်းနောင်-မိုင်းရှူးလမ်းရယ်။ ဒီလမ်းများကို ကျွန်တော်တို့လမ်းဆုံဖြစ်တဲ့ လဲချားမြို့အတွင်းမှာ လမ်းဟာ ၁၂ ပေအကျယ်ပဲရှိတဲ့အတွက် ဒီလမ်းကို ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ဟာ AH 1 မှာပါနေတဲ့အတွက် ၁၈ ပေအကျယ်လမ်းဖြစ်အောင် ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးစိုင်းမောင်တင်(လဲချားမဲဆန္ဒနယ်)။** ။ ဟုတ်ကဲ့ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဝန်ကြီးဖြေသွားတာ အကုန်လုံး အစစအရာရာအဆင်ပြေပါတယ်။ ဒါပေမယ့် အချို့နေရာများမှာ ကတ္တရာလမ်းရဲ့အကျယ်ဟာ ၁၀ ပေတောင်မရှိသေးဘူးဆိုတာ။ အဲဒါ ဝန်ကြီးဌာနမှ သိရှိပါသလား။ နောင်လာမယ့် ဘတ်ဂျက်နှစ်များမှာ လမ်းဘေးဝဲ/ယာ ရေနုတ်မြောင်းဖြစ်တဲ့ (Side Drain)အတွက်ရော ဘတ်ဂျက်များ လျာထားတာများရှိပါရဲ့လားလို့ မေးချင်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ ဟုတ်ကဲ့။ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးစိုင်းမောင်တင်မေးတဲ့မေးခွန်းနဲ့ပတ်သက်ပြီးတော့ ကတ္တရာလမ်းတချို့နေရာတွေမှာ ၁၀ ပေပဲရှိတာ ကျွန်တော်တို့သိရှိပါတယ်။ ဒီအတွက် ကျွန်တော်တို့လမ်း ၁၈ ပေချဲ့တဲ့အခါမှာ ဒီလမ်းကို တစ်ခါတည်းဖြည့်စွက်ပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီအပြင် ကျွန်တော်တို့သတ်မှတ်ထားတဲ့ လမ်းရှိရင် ဘေးမှာ လမ်းရဲ့ရေမြောင်းရှိရမှာဖြစ်ပါတယ်။ ဒီအတွက်လည်းပဲ ကျွန်တော်တို့က မဖြစ်မနေဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ပုလောမြို့နယ် အမှတ်(၁)ရပ်ကွက်၊ မင်းသီရိလမ်းမှ ဦးဘတုနှင့် ဦးကျော်မင်းပါ ၂၈ ဦး၏ မြေယာ သိမ်းဆည်းခံရမှုအတွက် နစ်နာမှုကို ကုစားပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

ဥက္ကဋ္ဌ။ ။ ဒေါ်တင်တင်ရီ၊ ကျွန်းစုမဲဆန္ဒနယ်က မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်တင်တင်ရီ(ကျွန်းစုမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာပါ။ ကျွန်မကတော့ တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်တင်တင်ရီဖြစ်ပါတယ်ရှင့်။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မ မေးမြန်းလိုတဲ့မေးခွန်းမှာ တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ် အမှတ်(၁)ရပ်ကွက် မင်းသီရိလမ်းမှ ဦးဘတုနှင့် ဦးကျော်မင်း ပါ ၂၈ ဦး၏ မြေယာသိမ်းဆည်းခံရမှုအတွက် နစ်နာမှုကို ကုစားပေးနိုင်ခြင်းရှိ/မရှိဆိုသည့်မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ ဤသို့ မေးမြန်းရခြင်းအကြောင်းအရင်းမှာ တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ် အမှတ်(၁)ရပ်ကွက် မင်းသီရိလမ်းတွင် ၁၉၉၆ ခုနှစ်၊ ပုလောမြို့နယ် တစ်ဖက်ကမ်းသို့ တံတားဖောက်လုပ်ရန်ဟု မြို့ပြနှင့် ဆောက်လုပ်ရေးမှ မြေယာများကိုသိမ်းဆည်းပြီး အိမ်ခြေများကို ဖယ်ရှားစေခဲ့ပါတယ်။ ထိုသို့ အိမ်ယာများ ဖယ်ရှားခံရသူများအနက် ပုလောမြို့နယ် ဖက်ကမ်း ကမ်းခြေရှိ နေအိမ်အဆောက်အဦများကို မြေကွက်အစားထိုး ပြန်လည်ပေးအပ်သည့်အပြင် အိမ်ရာ တန်ဖိုးများကို သိန်း ၃၀၊ သိန်း ၄၀ စသည်ဖြင့် လျော်ကြေးများပေးအပ်ခဲ့သော်လည်း ကျန်သည့် ပုလော မြို့နယ်တစ်ဖက်ကမ်း အမှတ်(၁)ရပ်ကွက် မင်းသီရိလမ်းမှ ဦးဘတု၊ ဦးကျော်မင်းပါ အိမ်ထောင်စု ၂၈ စုမှာ လျော်ကြေးငွေတစ်ပြားတစ်ချပ်မှ ရရှိခြင်းမရှိသည့်အပြင် တစ်ဖက်ကမ်းရှိ ဦးဘတု၏ ဥယျာဉ် ခြံမြေအား ထပ်မံသိမ်းဆည်း၍ အဆိုပါအိမ်ထောင်စု ၂၈ စုအား အစားထိုးပေးပြီး ကျန်ရှိသည့် ဦးဘတုပိုင် လယ်ယာများကို လမ်းဖောက်လုပ်ခြင်း၊ မြေကွက်များကို အိမ်ရာအကွက်ရိုက် ရောင်းစား ခြင်းများကို ပြုလုပ်ခဲ့ကြပါတယ်။ ဦးဘတု၊ ဦးကျော်မင်းတို့အနေနဲ့ လက်ရှိအိမ်ရာကို ဖျက်ဆီးပြောင်း ရွှေ့ခံရပြီး လျော်ကြေးနှင့် အစားထိုးမြေမရရှိသည့်အပြင် မိမိပိုင်လယ်မြေနှင့် ဥယျာဉ်ခြံမြေများကို ထပ်မံဆုံးရှုံးရပြီး အိမ်ထောင်စု ၂၈ စုအား နေရာချထားခြင်းခံရသည့်အပြင် ကျန်ရှိသည့် လမ်းမဖက် ကျသော မြေယာများကိုလည်း အိမ်ရာကွက်ရိုက်၍ ရောင်းချခြင်းများခံခဲ့ရပါတယ်။ သို့ပါ၍ ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် နစ်နာသူများကိုယ်စား အောက်ပါမေးခွန်းများကို မေးမြန်းအပ်ပါတယ်။

မေးခွန်း(၁) ဦးဘတု၊ ဦးကျော်မင်းအပါအဝင် အိမ်ထောင်စု ၂၈ စုအား အစားထိုးမြေကွက်နှင့်

လျော်ကြေးငွေများကို ပုလောတစ်ဖက်ကမ်းမှ အိမ်ထောင်စုများနည်းတူ လျော်ကြေးပေးရန် အစီအစဉ် ရှိ/မရှိ။ မေးခွန်း(၂) အကွက်ရိုက်ရောင်းစားခြင်းခံနေရသည့် ဦးဘတု၊ ဦးကျော်မင်း ပိုင်ဆိုင်သည့် လယ်ယာဥယျာဉ်မြေများတွင် မည်သို့သောအရေးယူဆောင်ရွက်မှုနှင့် ကုစားမှုများကို ပေးနိုင်မည် နည်း။ မေးခွန်း(၃) အိမ်ထောင်စု ၂၈ စုအတွက် နစ်နာမှုလျော်ကြေးနှင့်တကွ အကွက်ရိုက်ရောင်းစား ခြင်းခံနေရသည့်ကိစ္စကို သက်ဆိုင်ရာတာဝန်ရှိသူများမှ အရေးယူဆောင်ရွက်ပေးနိုင်ခြင်းမရှိဟုဆို ပါက အဘယ်ကြောင့်နည်း။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်ဖြစ်ပြီးတော့ ကျွန်တော့်အနေနဲ့ တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါ်တင်တင်ရီမှ မေးမြန်းထားတဲ့ တနင်္သာရီတိုင်းဒေသကြီး၊ ပုလော မြို့နယ် အမှတ်(၁)ရပ်ကွက် မင်းသီရိလမ်းမှ ဦးဘတုနှင့် ဦးကျော်မင်းပါ ၂၈ ဦးရဲ့ မြေသိမ်းဆည်းခံရမှု အတွက် နစ်နာမှုကို ကုစားပေးနိုင်ခြင်းရှိ/မရှိ သိလိုခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြား သွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင် ပုလောမြို့နယ်မှာ မိုင်တိုင် အမှတ် (၉၇/၇) နှင့် (၉၈) အတွင်းမှာ တံတားအမှတ်(၆/၉၈) ပုလောတံတားကို ၁၉၉၇ ခုနှစ်က စတင် ခဲ့ပြီး ၂၀၀၀ ပြည့်နှစ်မှာ ပြီးစီးခဲ့ပါတယ်။ ထားဝယ်ဘက်ကမ်းမှာရှိတဲ့ တံတားစီမံကိန်းနဲ့ မလွတ်ကင်းတဲ့ အိမ်ထောင်စု ၂၈ စုကို ပြောင်းရွှေ့ခံရသူ အိမ်ပိုင်ရှင်များ၊ လယ်ပိုင်ရှင်များနှင့် ညှိနှိုင်းသဘောတူညီ ချက်အရ ၄၀ ပေ x ၆၀ ပေ အကျယ်အဝန်းရှိ မြေကွက် ၂၈ ကွက်ကို ဦးဘတု အပါအဝင် ပြောင်းရွှေ့ခံ ရသည့် နေအိမ်ပိုင်ရှင်များအား ပုလောမြို့နယ် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အစီအစဉ်ဖြင့် မြေကွက်များချထားခဲ့ကြောင်း သိရှိရပါတယ်။ မြိတ်ဘက်ကမ်းရှိ တံတားစီမံကိန်းနဲ့ မလွတ်ကင်းတဲ့ နေအိမ် ၃၈ လုံးအတွက် ပုလောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစီအစဉ်ဖြင့် မြေကွက်များ အစားထိုးပေးခဲ့ပြီး နေအိမ်ပြောင်းရွှေ့စရိတ် ၆၇.၁၉ သိန်းကိုလည်း တနင်္သာရီတိုင်း ဒေသကြီး အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အစီအစဉ်ဖြင့် မြေပိုင်ရှင်များအား လျော်ကြေး ပေးခဲ့ကြောင်း တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးမြန်းထားတဲ့ မေးခွန်း(၁)အရ ထားဝယ်ဘက်ကမ်းမှာရှိတဲ့ ဦးဘတု၊ ဦးကျော်မင်း အပါအဝင် အိမ်ထောင်စု ၂၈ စုအား တံတားတည်ဆောက်စဉ်က မည်သည့်အတွက်ကြောင့် နေအိမ်ပြောင်းရွှေ့စရိတ် မပေးခဲ့ခြင်းကို ပြန်လည်စိစစ်ပြီး ပုလောတစ်ဖက်ကမ်းမှ အိမ်ထောင်စုများနည်းတူ လျော်ကြေးပေးရန် စီစဉ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ မေးခွန်း(၂) အရ အကွက်ရိုက်နေရာချထားခြင်းခံရသော ဦးဘတု၊ ဦးကျော်မင်းတို့ပိုင်ဆိုင်သည့် လယ်ယာ၊ ဥယျာဉ်မြေများအတွက် သက်ဆိုင်ရာမြေယာစီမံခန့်ခွဲမှုကော်မတီများနှင့်ညှိနှိုင်းပြီးတော့ မြေယာလျော်ကြေးပေးရန် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ မေးခွန်း(၃) အရ ထားဝယ်ဘက်ကမ်းမှာရှိတဲ့ ဦးဘတုရဲ့ ဥယျာဉ်ခြံမြေများအား သိမ်းဆည်း၍ မြေကွက်ချထားပြီး ပိုလျှံတဲ့မြေများကို လမ်းမဘက်ကျတဲ့မြေယာများအား အိမ်ယာကွက်ရိုက်၍ ရောင်းချခြင်းမဟုတ်ဘဲ ၎င်းကျန်ရှိနေတဲ့မြေယာများအတွင်း နေအိမ်များသို့ အဝင်အထွက်လမ်းအဖြစ်သာ အသုံးပြုလျက်ရှိပါကြောင်းကို တိုင်းဒေသကြီးဝန်ကြီးချုပ်မှ ရှင်းလင်းတင်ပြထားတဲ့ဟာနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ပြန်လည်ရှင်းလင်းဖြေကြားပေးခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ပင်လုံမြို့ (၂၅)ခုတင်ဆံ့ ဆေးရုံနှင့် မိုင်းပွန်ကျေးရွာအုပ်စု ပြည်သူ့ဆေးရုံတို့တွင် တာဝန်ခံ ဆရာဝန်များ ခန့်အပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးခင်မောင်သီ၊ လွိုင်လင်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်သီ(လွိုင်လင်မဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သီ ဖြစ်ပါတယ်။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလအတွင်း ပင်လုံမြို့နှင့် မိုင်းပွန်တိုက်နယ်ကျေးရွာအုပ်စုရှိ မိဘပြည်သူများနှင့်တွေ့ဆုံရာမှာ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်ရဲ့ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားခဲ့ရာတွင် မိဘပြည်သူများမှ ကျန်းမာရေးကိစ္စနှင့်ပတ်သက်၍ လွှတ်တော်သို့ တင်ပြပေးရန် ပြောကြားလာခဲ့ပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့မှာ ဒီမေးခွန်းကို တင်သွင်းခဲ့ခြင်းဖြစ်ပါတယ်။ ပင်လုံမြို့နှင့် မိုင်းပွန်တိုက်နယ်ကျေးရွာအုပ်စုရှိ

ပြည်သူ့ဆေးရုံများဟာ ပတ်ဝန်းကျင်ကျေးရွာများမှ တိုင်းရင်းသားမိဘပြည်သူများနှင့် မြို့ပေါ်ရှိ မိဘပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အဓိကဆောင်ရွက်ပေးနေတဲ့ ကျန်းမာရေးဌာနများ ဖြစ်ကြပါတယ်။ အရေးပေါ် ဆေးကုသမှုခံယူရန် အဝေးနေရာများမှ လူနာများ အားကိုးအားထားရာ ဆေးရုံလည်းဖြစ်ပါတယ်။ ယခုအခါ ပင်လုံဆေးရုံနဲ့ မိုင်းပွန်တိုက်နယ်ဆေးရုံတို့မှာ တာဝန်ခံဆရာဝန်များ ပြောင်းရွှေ့သွားသည်မှာ အချိန်အတော်ကြာခဲ့ပြီဖြစ်ပါတယ်။ တာဝန်ခံဆရာဝန်များ ရောက်ရှိလာရန်အတွက် မိဘပြည်သူများမှ မျှော်လင့်စောင့်စားနေခဲ့ရပါတယ်။ သို့ဖြစ်ပါ၍ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် သက်ဆိုင်ရာဌာနသို့ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ပင်လုံမြို့ (၂၅)ခုတင်ဆံ့ ဆေးရုံတာဝန်ခံ ဆရာဝန်နှင့် မိုင်းပွန်တိုက်နယ် ကျေးရွာအုပ်စု ပြည်သူ့ဆေးရုံ တာဝန်ခံဆရာဝန်တို့အား အလျင်အမြန်ခန့်အပ်တာဝန်ပေးရန် အစီအစဉ်ကို သိလိုပါ၍ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဒေါ်သိန်းသိန်းဌေး(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)။** ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေလို့ ကျွန်မအနေနဲ့ ပထမဦးစွာ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ရှမ်းပြည်နယ်၊ လွိုင်လင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သီ၏ မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်မ ဒုတိယဝန်ကြီး ဒေါက်တာသိန်းသိန်းဌေးမှ ဖြေကြားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ ပင်လုံမြို့နှင့် မိုင်းပွန်ကျေးရွာအုပ်စုရှိ ပြည်သူ့ဆေးရုံများသည် ကျေးရွာများနှင့် မြို့ပေါ်ရှိ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အဓိကဆောင်ရွက်ပေးနေတဲ့ ကျန်းမာရေးဌာနများဖြစ်ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပင်လုံမြို့ (၂၅)ခုတင်ဆံ့ဆေးရုံ တာဝန်ခံဆရာဝန်နှင့် မိုင်းပွန်ကျေးရွာအုပ်စု ပြည်သူ့ဆေးရုံ တာဝန်ခံဆရာဝန်တို့အား အလျင်အမြန်ခန့်အပ်တာဝန်ပေးရန် အစီအစဉ်မေးမြန်းခြင်းနှင့်စပ်လျဉ်း၍ ပင်လုံမြို့ ပြည်သူ့ဆေးရုံတွင် လစ်လပ်လျက်ရှိသော တာဝန်ခံဆရာဝန်နေရာတွင် ကျန်းမာရေးဝန်ကြီးဌာန၏ ၁၉-၁-၂၀၁၅ ရက်စွဲပါစာအမှတ်၊ ၃မက(က)၂၀၁၅/၁-၁၆ အရ ဒေါက်တာစိုင်းမြတ်သူရ (ဆမ-၂၃၁၅၅)အား ဖြည့်ဆည်းခန့်အပ်ပြီးဖြစ်

ပါကြောင်းနှင့် မိုင်းပွန်မြို့ ပြည်သူ့ဆေးရုံတွင် လိုအပ်လျက်ရှိသော တာဝန်ခံဆရာဝန်အား ရှမ်းပြည်နယ်အစိုးရမှ ခေါ်ယူခန့်အပ်သည့် သစ်လွင်လက်ထောက်ဆရာဝန်များ နေရာချထားနိုင်မည့် ၂၀၁၅ ခုနှစ် ဧပြီလတွင် ခန့်ထားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ်။

**အုတ်ဖိုမြို့နယ် ကျန်းမာရေးဦးစီးဌာန၏ မိခင်နှင့်ကလေးကျန်းမာရေးဌာနအတွက် အဆောက်အဦ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးတင်ထွေး၊ အုတ်ဖိုမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်ထွေး(အုတ်ဖိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့မှ ဒုတိယဝန်ကြီးများနဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေးဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ကျန်းမာရေးဝန်ကြီးဌာန အုတ်ဖိုမြို့နယ် ကျန်းမာရေးဦးစီးဌာနရဲ့ မိခင်နှင့်ကလေးကျန်းမာရေးဌာနအတွက် အဆောက်အဦ ဆောက်လုပ်ပေးနိုင်ရေးနဲ့ပတ်သက်ပြီး တင်ပြသွားမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် ကျန်းမာရေးဦးစီးဌာနရဲ့ မိခင်နှင့်ကလေးကျန်းမာရေးဌာနမှာ တာဝန်ခံဆရာဝန်တစ်ဦး၊ အမျိုးသမီး ကျန်းမာရေးဆရာမတစ်ဦး၊ သားဖွားဆရာမသုံးဦးတို့ဖြင့် တာဝန်ဝတ္တရားများပေးအပ်ကာ ကျေပွန်စွာထမ်းဆောင်လျက်ရှိကြပါတယ်။ ယခင်က ဆေးရုံဝင်းခြံမြောက်ဘက်မှာကပ်လျက်ရှိတဲ့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ပိုင်ဆိုင်တဲ့ အဆောက်အဦမှာ မိခင်နှင့်ကလေးများကို ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ရပါတယ်။ လွန်ခဲ့တဲ့ ကိုးနှစ်ခန့်က မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းမှ စာဖြင့်အကြိမ်ကြိမ်ဖယ်ရှားပေးရန် တောင်းဆိုခဲ့မှုများကြောင့် ၁၇-၁၁-၂၀၀၄ ရက်နေ့မှစတင်ပြီး မြို့နယ်ပြည်သူ့ဆေးရုံအဝင်ပေါက်နေရာမှာ ခုတင်ချပြီး ကိုယ်ဝန်ဆောင်များကို စမ်းသပ်ပေးနေရခြင်း၊ ပြင်ပလူနာများကို စောင့်ရှောက်ပေးနေရပါတယ်။ ဆေးရုံအဝင်ဝရဲ့နေရာမှာ ကုသစောင့်ရှောက်နေရခြင်းဟာ အမြင်မသင့်တော်ဟုဆိုပြီးတော့ ဆေးရုံအတွင်းမှာရှိတဲ့ အစည်းအဝေးခန်းမအတွင်း ပြောင်းရွှေ့ဖွင့်လှစ်ခွင့်ပြုတဲ့အတွက် လိုက်ကာဖြင့် ကာရံပြီးဖွင့်လှစ်ခဲ့ရပါတယ်။ အစည်းအဝေးခန်းမတစ်ခြမ်းမှာ ယာယီအကာအရံများနဲ့ နေရာပေးဆောင်ရွက်ရာမှာ အဆင်ပြေမှုရှိပါသော်လည်း အစည်းအဝေးများ

ကျင်းပခြင်း၊ သင်တန်းများဖွင့်လှစ်ခြင်း ဆောင်ရွက်တိုင်းမှာ ပြောင်းရွှေ့ကုသပေးနေရခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များ စမ်းသပ်ပေးရာမှာ နေရာအခက်အခဲများနဲ့ ကြုံတွေ့နေရပါတယ်။ ဆေးခန်းအတည်တကျမရှိတဲ့အတွက် စာရင်းဇယားများထိန်းသိမ်းမှုများခက်ခဲခြင်း၊ ဆေးခန်းပစ္စည်းများ သိမ်းဆည်းထားသိုရန်ခက်ခဲခြင်း၊ ကျန်းမာရေးအသိပညာပေးရန်နှင့် ပညာပေးပိုစတာများ ချိတ်ဆွဲရန် အခက်အခဲများ ယနေ့တိုင်ကြုံတွေ့နေရကြောင်း လေ့လာတွေ့ရှိခဲ့ရပါတယ်။ သို့ဖြစ်ပါ၍ အုတ်ဖိုမြို့နယ်ကျန်းမာရေးဦးစီးဌာနရဲ့ မိခင်နှင့်ကလေးကျန်းမာရေးဌာနအတွက် အဆောက်အဦ ဆောက်လုပ်ပေးရန်အစီအစဉ်ရှိ/မရှိ သိရှိလိုပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဒေါ်သိန်းသိန်းဌေး (ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစားအပ်ပါ သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များရှင်။ ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေး၏မေးခွန်းနှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့နယ် မိခင်နှင့်ကလေးကျန်းမာရေးဌာနမှာ တာဝန်ခံဆရာဝန်တစ်ဦး၊ အမျိုးသမီးကျန်းမာရေးဆရာမတစ်ဦး၊ သားဖွားဆရာမသုံးဦးဖြင့် တာဝန်ထမ်းဆောင်လျက်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသွားသည့်အတိုင်း အုတ်ဖိုမြို့နယ်၊ မိခင်နှင့်ကလေးကျန်းမာရေးဌာနသည် ကိုယ်ဝန်ဆောင်မိခင်များ စမ်းသပ်ပေးရာတွင် နေရာအခက်အခဲများ ကြုံတွေ့ခြင်း၊ ဆေးခန်းအတည်တကျမရှိသည့်အတွက် စာရင်းဇယားများ ထိန်းသိမ်းမှုခက်ခဲခြင်း အစရှိသည်တို့ကို ကျွန်မတို့ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့လည်း ကိုယ်တိုင်ကွင်းဆင်းပြီးတော့ တွေ့ကြုံသိရှိခဲ့ပြီးဖြစ်ပါတယ်။ သို့ရာတွင် အုတ်ဖိုမြို့နယ် ကျန်းမာရေးဦးစီးဌာနရဲ့ မိခင်နှင့်ကလေးကျန်းမာရေးဌာနအတွက် အဆောက်အဦဆောက်လုပ်ပေးရန် ဘဏ္ဍာငွေအနေအထားအရ ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေလျာထားမှု၌ ပါဝင်နိုင်ခဲ့ခြင်းမရှိသေးပါသဖြင့် ဆောင်ရွက်ပေးရန် လောလောဆယ် အစီအစဉ်မရှိသေးပါကြောင်းနှင့် တိုင်းဒေသကြီးနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနအစီအစဉ်ဖြင့် လုပ်ငန်းဆောင်ရွက်နိုင်အောင် စီစဉ်ပေးမည်ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ ဖြေကြားအပ်ပါတယ်ရှင်။

**မူကြမ်း**

**ဝေါမြို့နယ် ပြည်သူ့ဆေးရုံအား (၂၅)ခုတင်ဆံ့မှ ခုတင်(၅၀)ဆံ့ဆေးရုံအဖြစ်လည်းကောင်း၊ ကဒွတ်ကျေးရွာနှင့် ဆင်ရွာကျေးရွာကျေးလက်ကျန်းမာရေးဌာနခွဲတို့အား တိုက်နယ်ဆေးရုံအဖြစ်လည်းကောင်း၊ ဘုရားပျိုကျေးလက်ကျန်းမာရေးဌာနခွဲအား ကျေးလက်ကျန်းမာရေးဌာနအဖြစ်လည်းကောင်း အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးမြင့်ရွှေ ဝေါမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်ရွှေ(ဝေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဖွဲ့အစည်းဝင် ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များ အားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာပထမ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ဝေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ရွှေဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတာက ကျွန်တော်တို့ ဝေါမြို့နယ်ရဲ့ကျန်းမာရေးနဲ့ပတ်သက်ပြီးတော့ ဆေးရုံ၊ ဆေးခန်းများကိစ္စဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်ဟာဆိုရင် ရန်ကုန်-မော်လမြိုင်မီးရထားလမ်း၊ မော်တော်ကားလမ်းဘေးမှာရှိပြီးတော့ ကျေးရွာပေါင်း ၁၁၆ ရွာ၊ ကျေးရွာအုပ်စု ၆၀ နဲ့ လူဦးရေ နှစ်သိန်းကျော်ရှိတဲ့ မြို့နယ်တစ်ခုဖြစ်ပါတယ်။ လက်ရှိမြို့ပေါ်မှာရှိတဲ့ဆေးရုံဟာ (၂၅)ခုတင်ဆံ့ဆေးရုံဖြစ်ပြီးတော့ (၁၆)ခုတင်ဆံ့တိုက်နယ်ဆေးရုံသုံးခု၊ တိုက်နယ်ကျန်းမာရေးဌာနတစ်ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲခုနစ်ခုနဲ့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးဌာနတစ်ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၄၃ ခုနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဝေါမြို့နယ်ရဲ့အကျယ်အဝန်းဟာဆိုလို့ရှိရင် ၃၇၆ စတုရန်းမိုင်ရှိပြီးတော့ ရန်ကုန်အထွေထွေကုဆေးရုံကြီးနှင့်မိုင် ၇၀၊ ပဲခူးအထွေထွေရောဂါကု ဆေးရုံကြီးနဲ့ မိုင် ၂၀ ကျော်ကွာဝေးပါတယ်။ လူဦးရေရဲ့ ၇၅ ရာခိုင်နှုန်းဟာ တောင်သူလယ်သမားများ ဖြစ်ပြီးတော့ မြို့နယ်အတွင်းမှာဆေးရုံ၊ ဆေးခန်းများ အားကိုးနေကြသူများဖြစ်ပါတယ်။ မြို့ပေါ်မှာရှိတဲ့ (၂၅)ခုတင်ဆံ့ဆေးရုံဟာ တစ်နေ့လျှင်ပျမ်းမျှ ပြင်ပလူနာ ၃၀ ဦးနဲ့ အတွင်းလူနာ ၂၁ ဦးရှိပါတယ်။ တစ်ခါတစ်ရံ လူနာများတဲ့အခါမှာ ခုတင်မရှိတော့တဲ့အခက်အခဲတွေရှိပါတယ်။ ဒါကြောင့်မို့လို့ ဝေါမြို့ပေါ်မှာရှိတဲ့ လက်ရှိ (၂၅) ခုတင်ဆံ့ဆေးရုံကို ခုတင် (၅၀)ဆံ့ဆေးရုံအဖြစ် တိုးမြှင့်ပေးရန် ပြည်သူများက လိုလားလျက်ရှိပါတယ်။ အလားတူပဲ လက်ရှိဆေးခန်းများဖြစ်တဲ့ ကျွန်တော်တို့ ကဒွတ်ကျေးရွာနဲ့ ဆင်ရွာကျေးရွာမှာရှိတဲ့ ကျေးလက်ကျန်းမာရေးဌာနခွဲတွေကိုလည်း တိုက်နယ်ဆေးရုံအဖြစ် တိုးမြှင့်ပေးမယ်။

နောက် ဘုရားပျိုကျေးရွာမှာရှိတဲ့ ကျေးလက်ကျန်းမာရေးဌာနခွဲကို ကျေးလက်ကျန်းမာရေးဌာနအဖြစ် တိုးမြှင့်ပေးမယ်ဆိုလို့ရှိရင် ဝေါမြို့နယ်နှင့်ဆက်စပ်နေတဲ့ ကျိုက်ထိုမြို့နယ်၊ သနပ်ပင်မြို့နယ်၊ ပဲခူးမြို့နယ်တို့မှာရှိနေတဲ့ ပြည်သူများရဲ့ ကျန်းမာရေးကိုလည်း စောင့်ရှောက်ပြီးသားဖြစ်သွားမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ကျန်းမာရေးဝန်ကြီးဌာနကို မေးမြန်းလိုတာကတော့ ဝေါမြို့နယ်ပြည်သူ့ဆေးရုံဟာ (၂၅)ခုတင်ဆံ့ဆေးရုံမှ (၅၀) ခုတင်ဆံ့ဆေးရုံအဖြစ် တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိ။ နောက်ဒုတိယအနေနဲ့ကတော့ ကဒွတ်ကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနနှင့်ဆင်ရွာကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနခွဲတို့အား တိုက်နယ်ဆေးရုံအဖြစ် အဆင့်မြှင့်ပေးရန်အစီအစဉ်ရှိ/မရှိ။ အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်။ တတိယအနေနဲ့ကတော့ ဘုရားပျိုကျေးလက်ကျန်းမာရေးဌာနခွဲအား ကျေးလက်ကျန်းမာရေးဌာနအဖြစ် တိုးမြှင့်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါကမည်သည့် ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကိုသိရှိလိုပါသဖြင့် ဝေါမြို့နယ်ပြည်သူများကိုယ်စား မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ကျန်းမာရေးဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဒေါ်သိန်းသိန်းဌေး(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များရှင်။ ပဲခူးတိုင်းဒေသကြီး၊ ဝေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ရွှေ၏မေးခွန်းနဲ့စပ်လျဉ်းပြီး ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်တွင် (၂၅)ခုတင်ဆံ့ မြို့နယ်ဆေးရုံတစ်ရုံ၊ (၁၆)ခုတင်ဆံ့တိုက်နယ်ဆေးရုံလေးရုံ၊ (မြစ်ကျိုး၊ သရဲသမိန်၊ ညောင်ခါးရှည်၊ ဖိုးဦးစိန်) စုစုပေါင်း ဆေးရုံငါးရုံ၊ ကျေးလက်ကျန်းမာရေးဌာနရှစ်ခုတို့ဖြစ် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပါတယ်။ ဝေါမြို့နယ်တွင် အိမ်ခြေ ၃၅၆၇၉ အိမ်၊ လူဦးရေ ၂၀၁၆၆၁ ဦး၊ ကျေးရွာပေါင်း ၁၁၆ ရွာရှိပြီး ပဲခူးမြို့အထွေထွေရောဂါကုဆေးရုံကြီးနှင့် မိုင် ၂၀ ကွာဝေးပါတယ်။ ဝေါမြို့နယ် ပြည်သူ့ဆေးရုံတွင် တစ်နေ့လျှင်ပျမ်းမျှပြင်ပလူနာ ၁၅ ဦးနှင့် အတွင်းလူနာ ၂၇ ဦးရှိပြီး လူနာများသောအချိန်မှာ အတွင်းလူနာ ၅၀ ဦးရှိပါတယ်။ သို့ဖြစ်ပါ၍ ခွင့်ပြုခုတင် အသုံးပြုနှုန်း ၁၀၈ ရာခိုင်နှုန်းရှိနေသည့် ဝေါမြို့နယ် (၂၅) ခုတင်ဆံ့ပြည်သူ့ဆေးရုံအား ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံအဖြစ်သို့ တိုးမြှင့်ဖွင့်လှစ်ရန် ဖွဲ့စည်းပုံရရှိရေး

အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ ကဒွတ်ကျေးလက်ကျန်းမာရေးဌာနနှင့် ဆင်ရွာကျေးလက်ကျန်းမာရေးဌာနခွဲများအားလည်း တိုက်နယ်ဆေးရုံအဖြစ်သို့ တိုးမြှင့်ဖွင့်လှစ်ခွင့် ဖွဲ့စည်းပုံရရှိရေးအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားအပ်ပါတယ်။ ဆက်လက်၍ ဘုရားပျိုကျေးလက်ကျန်းမာရေးဌာနခွဲသည် ကဒွတ်ကျေးလက်ကျန်းမာရေးဌာန အောက်မှာရှိပါတယ်။ ဘုရားပျိုကျေးရွာအုပ်စုမှာ အိမ်ခြေ ၂၁၅၆ အိမ်၊ လူဦးရေ ၁၁၄၄၈ ဦးရှိပြီး ဝေါမြို့နယ်ဆေးရုံနှင့် ငါးမိုင်ကွာဝေးပါတယ်။ ဘုရားပျိုကျေးလက်ကျန်းမာရေးဌာနခွဲအား ကျေးလက်ကျန်းမာရေးဌာနအဖြစ်သို့ တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိရေးအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ်ရှင်။

**အုတ်တွင်းမြို့နယ် အမြန်လမ်း မိုင်တိုင်(၁၄၄)ပတ်ဝန်းကျင်ရှိ ပိတောက်ခင်ကျေးရွာ သို့မဟုတ် ကြက်တက်ညောင်ပင်ကျေးရွာတွင် တိုက်နယ်ဆေးရုံတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးညီညီမြင့်၊ အုတ်တွင်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးညီညီမြင့်(အုတ်တွင်းမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်ဟာဆိုလို့ရှိရင် အမြန်လမ်းရဲ့ မိုင်တိုင် ၁၂၀ နှင့် ၁၄၅ ဝန်းကျင်မှာတည်ရှိပြီးတော့ မကြာခဏမော်တော်ယာဉ်ထိခိုက်ဒဏ်ရာရရှိသူများပေါ်များလျက်ရှိပါတယ်။ အဲဒီလို ထိခိုက်ဒဏ်ရာရရှိသူများအတွက် အချိန်မီအသက်ကယ်ဖို့၊ ကျန်းမာရေးစောင့်ရှောက်ဖို့အတွက် တိုက်နယ်ဆေးရုံတစ်ခုကို မိုင်တိုင်(၁၄၄)ဝန်းကျင်မှာလိုအပ်ပါတယ်။ အဲဒီ မိုင်တိုင်(၁၄၄)ဝန်းကျင်မှာဆိုလို့ရှိရင်လည်း တောပုကျေးရွာအုပ်စု၊ သရက်ပင်မောင်နှမကျေးရွာအုပ်စု၊ ပိတောက်ခင်ကျေးရွာအုပ်စု၊ ရွှေလောင်းကျေးရွာအုပ်စုနှင့် ကြက်တက်ညောင်ပင်ကျေးရွာအုပ်စုတို့မှ ကျေးရွာနေပြည်သူဦးရေ ၃၀၀၀၀ ကျော်အတွက် ကျန်းမာရေးစောင့်ရှောက်ရန်လိုအပ်တဲ့အပြင် ဘိုကုန်း(အ.ထ.က)မှာဆိုလို့ရင်လည်း ကျောင်းသားစုစုပေါင်း ၁၂၀၀ ကျော်ရှိပါတယ်။

သို့ဖြစ်ပါ၍ အောက်ပါမေးခွန်းအား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အုတ်တွင်းမြို့နယ် အမြန်လမ်းမိုင်တိုင်(၁၄၄)ဝန်းကျင်မှာဆိုလို့ရှိရင် ကြက်တက်ညောင်ပင် သို့မဟုတ် ပိတောက်ခင်ကျေးရွာအုပ်စုတွင် တိုက်နယ်ဆေးရုံတစ်ခုတည်ဆောက်ပေးရန် အစီအစဉ်ရှိပါသလား။ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် တည်ဆောက်ပေးမည်နည်း။ အစီအစဉ်မရှိပါက မည်သည့်အတွက်နည်း။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ကျန်းမာရေးဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဒေါ်သိန်းသိန်းဌေး(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်များ၊ ဧည့်သည်တော်များရှင့်။ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညီညီမြင့်၏မေးခွန်းနှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်တွင် ၂၅ ခုတင်ဆံ့ မြို့နယ်ဆေးရုံတစ်ရုံ၊ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံနှစ်ရုံ စုစုပေါင်း ဆေးရုံသုံးရုံ ကျန်းမာရေးဌာန ငါးဌာနဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပါတယ်။ အိမ်ခြေ ၄၀၀၊ လူဦးရေ ၁၈၀၀ ကျော်ရှိပြီး အုတ်တွင်းမြို့နယ်ဆေးရုံနှင့် ခုနစ်မိုင်၊ တောင်ငူမြို့နယ်ဆေးရုံနှင့် ကိုးမိုင်ကွာဝေးသည့် ပိတောက်ခင်ကျေးရွာ သို့မဟုတ် ကြက်တက်ညောင်ပင်ကျေးရွာတွင် တိုက်နယ်ဆေးရုံဖွင့်လှစ်ခွင့်ရရှိပါက အိမ်ခြေ ၂၇၀၀ ကျော်၊ လူဦးရေ ၁၃၀၀၀ ကျော်၊ ကျေးရွာပေါင်း ၁၅ ရွာတို့အား ကျန်းမာရေးစောင့်ရှောက်မှုလွှမ်းခြုံမှုပေးနိုင်မည်ဖြစ်ပါသဖြင့် ပိတောက်ခင်ကျေးရွာ သို့မဟုတ် ကြက်တက်ညောင်ပင်ကျေးရွာ မည်သည့်ကျေးရွာတွင် ဆောင်ရွက်သင့်သည်ကို ပဲခူးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၊ အုတ်တွင်းမြို့နယ် ကျန်းမာရေးဦးစီးဌာနများနှင့် ကွင်းဆင်းကြည့်ရှု၍ တိုက်နယ်ဆေးရုံတစ်ရုံအသစ်ဖွင့်လှစ်ခွင့် ဖွဲ့စည်းပုံရရှိရေးအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ်ရှင့်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။

**မူကြမ်း**

**စက်မှုဝန်ကြီးဌာနကတင်သွင်းသော ဘွိုင်လာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ စက်မှုဝန်ကြီးဌာနကတင်သွင်းသော ဘွိုင်လာဥပဒေကြမ်း နှင့်စပ်လျဉ်းပြီး ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၃)ရက် မြောက်နေ့ဖြစ်သော ၂၅-၃-၂၀၁၅ ရက်နေ့တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာကို ဖတ်ကြား ရှင်းလင်းခြင်းများပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်း ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၃၀-၃-၂၀၁၅ ရက်နေ့ နောက်ဆုံး ထားပြီး အမည်စာရင်းပေးပို့ရန် တောင်းခံခဲ့ပြီးလည်းဖြစ်ပါတယ်။ ယနေ့အထိ ပြင်ဆင်ချက်အဆို တင်သွင်းလာတဲ့ ကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ ဒါကြောင့် ဘွိုင်လာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့်အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဘွိုင်လာ ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာ တင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့် အတည်ပြု ကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း ကြေညာပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၃၆)ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၇)ရက်မြောက်နေ့ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၆)ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့ကို မနက်ဖြန် ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၅၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၆)ရက်မြောက်နေ့ကို ၁၀း၅၀ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**